LGL Dept.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် K 250

# " 12KW x 3 (Off-Grid) Inverter Panel အရောင်းအဝယ် နှစ်ဖက်သဘောတူကတိစာချုပ် "

နေ့စွဲ ။ ၂၀၂၅ ခုနှစ် [illegible]လ ( ၈ ) ရက်

---------------------------------------မြို့နယ်၊

ရောင်းချသူ ။ ။ Superior Power Distribution
(ပထမတစ်ဖက်) Electrical & Electronics Engineering Company Limited. (ကိုယ်စား)
ဦးအောင်ဌေး(၁၂/ကမရ(နိုင်)၀၂၉၈၉၀)
အမှတ်(၁၀၉၈/၁၀၉၉)၊ ရွှေတောင်ကြားလမ်း၊ စက်မှုဇုန်(၂)၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၇၃၀၇၄၀၀၃။

နှင့်

ဝယ်ယူသူ ။ ။ Winning Way Co., Ltd. (ကိုယ်စား)
(ဒုတိယတစ်ဖက်) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(အထက်အမည်ပါ ရောင်းချသူ(ပထမတစ်ဖက်) Superior Power Distribution, Electrical & Electronics Engineering Company Limited. နှင့် ဝယ်ယူသူ(ဒုတိယတစ်ဖက်) Winning Way Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီများနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ အထက်အမည်ပါရောင်းချသူသည် မိမိတရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး အရည်အသွေး၊ စံချိန်စံနှုန်းများနှင့် ကိုက်ညီသည့် ပူးတွဲ Quotation တွင် ဖော်ပြထား သည့်ပစ္စည်းများဖြင့် ပြုလုပ်တပ်ဆင်ပြီးသည့် 12KW x 3 (Off-Grid) Inverter Panels ကို အမှတ်(၅၅)၊ သီတာလမ်း၊ သုခချမ်းသာရပ်ကွက်၊ ရွှေညောင်မြို့၊ တောင်ကြီးမြို့တွင် စုစုပေါင်းငွေကျပ်-၇,၄၂၁,၆၀၀/- (ကျပ်ခုနှစ်ဆယ့်လေးသိန်းနှစ်သောင်းတစ်ထောင့်ခြောက်ရာတိတိ)ဖြင့် လွှဲပြောင်းရောင်းချလိုကြောင်း ဝယ်ယူသူသို့ ပြောဆိုကမ်းလှမ်းရာ ဝယ်ယူသူမှလည်း အဆိုပါပစ္စည်းများကို အဆိုပါ 12KW x 3 (Off-Grid) Inverter Panels ကို အဆိုပါတန်ဖိုးငွေဖြင့် ဝယ်ယူရန် သဘောတူပါသည်။

၂။ ဝယ်ယူသူမှ ရောင်းချသူသို့ အဆိုပါ 12KW x 3 (Off-Grid) Inverter Panels ပစ္စည်းများ၏ အရောင်းတန်ဖိုးငွေကျပ်-၇,၄၂၁,၆၀၀/- (ကျပ်ခုနှစ်ဆယ့်လေးသိန်းနှစ်သောင်းတစ်ထောင့်ခြောက်ရာတိတိ)အနက် ပထမအကြိမ်အဖြစ် ၇၅% ဖြစ်သော မြန်မာငွေကျပ်-၅,၅၆၆,၂၀၀/- (ကျပ်ငါးဆယ့်ငါးသိန်းခြောက်သောင်းခြောက်ထောင့်နှစ်ရာတိတိ)ကို ယနေ့စာချုပ်ချုပ်ဆိုသည့် (  -  -၂၀၂၅)ရက်နေ့တွင်လည်းကောင်း၊ နောက်ဆုံးအကြိမ်အဖြစ် ၂၅% ဖြစ်သော မြန်မာငွေကျပ်-၁,၈၅၅,၄၀၀/- (ကျပ်တစ်ဆယ့်ရှစ်သိန်းငါးသောင်းငါးထောင့်လေးရာတိတိ)ကို ပြုလုပ်တပ်ဆင်ပြီးသည့် 12KW x 3 (Off-Grid) Inverter Panels ကို ရောင်းချသူမှ ဝယ်ယူသူသို့ လက်ရောက်ပေးအပ်သည့်နေ့ (  -  -၂၀၂၅)ရက်နေ့တွင် ပေးချေရန် နှစ်ဖက်သဘောတူညီကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ် တစ်ရာကျပ် K 100



၃။ ရောင်းချသူသည် မိမိပြုလုပ်ရောင်းချသည့် 12KW x 3 (Off-Grid) Inverter Panels တွင် တပ်ဆင်ထားသည့် ပစ္စည်းများအားလုံးသည် အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ပစ္စည်းများဖြစ်ကြောင်းနှင့် ဈေးနှုန်းမှန်ကန်ကြောင်း အာမခံပါသည်။ အကယ်၍ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကွဲလွဲမှုများရှိလာပါက အဆိုပါကွဲလွဲမှုများအတွက် နစ်နာကြေးငွေများကို ရောင်းချသူမှ ဝယ်ယူသူသို့ ပေးလျော်ရမည်။

၄။ ရောင်းချသူသည် မိမိတပ်ဆင်ပြုလုပ်ရောင်းချသည့် 12KW x 3 (Off-Grid) Inverter Panels တွင် တပ်ဆင်ထားသည့်ပစ္စည်းများ၏ အရည်အသွေးကို လက်ရောက်ပေးအပ်သည့်နေ့မှ (၁)နှစ်တိတိ အာမခံပါသည်။ အဆိုပါ အာမခံ (၁)နှစ်အတွင်း 12KW x 3 (Off-Grid) Inverter Panels ရှိ တပ်ဆင်ထားသည့်ပစ္စည်းများတွင် (သုံးစွဲသူ၏ပေါ့ဆမှုကြောင့်နှင့် သဘာဝဘေးအန္တရာယ်မှအပ) ချို့ယွင်းပျက်စီးမှုများရှိလာပါက ချို့ယွင်းပျက်စီးမှုရှိသည့်နေ့မှ (၇)ရက်အတွင်း အဆိုပါပျက်စီးချို့ယွင်းမှုရှိသည့်ပစ္စည်းများနှင့် အမျိုးအစား၊ အရည်အသွေးတူညီသည့်ပစ္စည်းများဖြင့် ပြန်လည်လဲလှယ်တပ်ဆင်ပေးပါမည်ဟု ရောင်းချသူမှ ဝန်ခံကတိပြုပါသည်။

၅။ ရောင်းချသူသည် မိမိရောင်းချသည့် 12KW x 3 (Off-Grid) Inverter Panels ပစ္စည်းများနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိ၏ကုန်ကျစရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းပေးပါမည်။ အကယ်၍ မပြီးပြတ်ဘဲ ဝယ်ယူသူ၌ နစ်နာမှုများရှိလာပါက အဆိုပါနစ်နာမှုများအတွက် ရောင်းချသူမှ ဝယ်ယူသူသို့ ပေးလျော်ရမည်။

အထက်ပါစကားရပ်များကို ရောင်းချသူ(ပထမတစ်ဖက်)နှင့် ဝယ်ယူသူ(ဒုတိယတစ်ဖက်)တို့သည် သေချာစွာ ဖတ်ရှုသိရှိ နားလည်သဘောပေါက်ကြပြီး မိမိတို့၏ လွတ်လပ်သောပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် အောက်ပါအသိသက်သေများရှေ့မှောက်တွင် ဤ "စာချုပ်"ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

| ရောင်းချသူ(ပထမတစ်ဖက်) | ဝယ်ယူသူ(ဒုတိယတစ်ဖက်) |
|---|---|
| | 8/2/25 |
| Superior Power Distribution Electrical & Electronics Engineering Company Limited. (ကိုယ်စား) ဦးအောင်ငွေး(၁၂/ကမရ(နိုင်)၀၂၉၈၉၀) | Winning Way Co., Ltd. (ကိုယ်စား) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) |

## အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | - ------------------------------ | လက်မှတ် | - ------------------------------ |
| အမည် | - ------------------------------ | အမည် | - ------------------------------ |
| မှတ်ပုံတင် | - ------------------------------ | မှတ်ပုံတင် | - ------------------------------ |
| နေရပ် | - ------------------------------ | နေရပ် | - ------------------------------ |
| | - ------------------------------ | | - ------------------------------ |

CamScanner